ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၇ / ၂၀၁၆
နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

# ပြန်လျော့အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ဘဏ္ဍာရေးဝန်ကြီးဌာနသည်ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ် နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်၊အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤလုပ်ထုံးလုပ်နည်းများကို ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

(ခ) ဤလုပ်ထုံးလုပ်နည်းများသည် စတင်ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဂ) ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းခြင်းဆိုသည်မှာ ယာယီတင်သွင်းခြင်းစနစ် (Temporary Admission) မဟုတ်သော တင်သွင်းခြင်းဖြစ်ပြီးလုပ်ငန်းသဘာဝလိုအပ်ချက်အရ ပြည်တွင်း၌အသုံးပြုရန် ယာဉ်၊ စက်ကိရိယာနှင့် ပစ္စည်းများကို ပြည်ပမှယာယီတင်သွင်းခွင့်ပြုသည့်စနစ်ကိုဆိုသည်။

(ဃ) ပြန်လျော့အကောက်ခွန်ဆိုသည်မှာ ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့်တင်သွင်းလာသော ပစ္စည်းများအပေါ် ကျသင့်အကောက်ခွန်ကို အပြည့်အဝကောက်ခံထားပြီး သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့သည့်အခါ ကျသင့်

အကောက်ခွန်၏ ၈ပုံ ၇ပုံကို ပြန်လျော့အကောက်ခွန်အဖြစ် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၄၂ နှင့်အညီ ပြန်လည်ထုတ်ပေးခြင်းကိုဆိုသည်။

## အခန်း(၂)
## တင်သွင်းခွင့်ပြုသည့်ပစ္စည်းများနှင့် တင်သွင်းခွင့်လျှောက်ထားခြင်း

၃။ ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းရာတွင် အောက်ပါပစ္စည်းများမှ အပကျန်ပစ္စည်းများကို တင်သွင်းခွင့်ပြုနိုင်သည်-

(က) ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အရ ကန့်သတ်ပိတ်ပင်တားမြစ်ထားသည့်ပစ္စည်းများ။

(ခ) သုံး၍ ကုန်ဆုံးသွားမည့်ပစ္စည်းများ။

(ဂ) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ သို့မဟုတ် ယင်းတို့ကို ဆက်ခံသည့်ဥပဒေအရ အခွန်ကင်းလွတ်ခွင့်ပြုသည့် ပစ္စည်းများ။

(ဃ) ကာလကြာရှည်စွာ အခိုင်အမာတပ်ဆင်တည်ဆောက်အသုံးပြုမည့်ပစ္စည်းများ။

(င) ကုန်သွယ်မှုသဘောသက်ရောက်သည့် တစ်ဆင့်ပြန်လည်ရောင်းချမည့်ပစ္စည်းများ။

၄။ ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းခွင့်ကို ကုန်ပစ္စည်းတင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေငြာလွှာ မှတ်ပုံတင်သည့်နေ့မှစ၍ လျှောက်ထားရမည်။ အကယ်၍ လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ပစ္စည်းများဖြစ်ပါက သွင်းကုန်လိုင်စင်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၃)
## အကောက်ခွန်ပေးသွင်းခြင်း၊ ပြန်လည်တင်ပို့ရမည့်ကာလသတ်မှတ်ခြင်းနှင့် လျှောက်ထားခြင်း

၅။ ကုန်ပစ္စည်းတင်သွင်းသူသည် ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းခွင့်ပြုသည့်ပစ္စည်းများအတွက် သွင်းကုန်လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းစဉ်ကပင် ကျသင့်အကောက်ခွန်အား အပြည့်အဝ ပေးဆောင်ရမည်။

၆။ ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းရာ၌ တင်သွင်းခွင့်ပြုသည့်ပစ္စည်းအား ပြန်လည်တင်ပို့ရမည့်ကာလကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေငြာလွှာမှတ်ပုံတင်သည့်နေ့မှ ထုတ်ကုန်ကြေညာလွှာမှတ်ပုံတင်သည့်နေ့အထိ (၂)နှစ်တာကာလအတွင်းဖြစ်ရမည်။

(ခ) တင်သွင်းသူသည် လုံလောက်သော အကြောင်းပြချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ သက်တမ်းတိုးရန် လျှောက်ထားလာပါက ညွှန်ကြားရေးမှူးချုပ်သည် (၁)နှစ် ထပ်မံခွင့်ပြုပေးနိုင်သည်။

(ဂ) ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ကိစ္စတစ်ခုချင်းအပေါ် စိစစ်၍ သက်တမ်းထပ်မံတိုးမြှင့်ပေးနိုင်သည်။

၇။ ကုန်ပစ္စည်းတင်သွင်းသူသည် ပြန်လည်တင်ပို့ခွင့်အား ပြန်လည်တင်ပို့ရမည့်ကာလမတိုင်မီ အနည်းဆုံး (၁)လ ကြိုတင်လျှောက်ထားခွင့်ပြုချက်ရယူရမည်။

## အခန်း(၄)
## ပြန်လျှော့အကောက်ခွန်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ပြန်လည်ထုတ်ပေးခြင်း

၈။ ပြန်လျှော့အကောက်ခွန် လျှောက်ထားရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ရမည်-

(က) ပြန်လည်တင်ပို့သည့်ပစ္စည်းများသည်မူလတင်သွင်းစဉ်ကအကောက်ခွန်ပေးဆောင်ခဲ့သည့်ပစ္စည်းသာလျှင် ဖြစ်ရမည်။ အသုံးပြုထားခြင်းကြောင့် တန်ဖိုးလျော့နည်းသည်မှအပ မူလတင်သွင်းစဉ်ကအတိုင်းဖြစ်ရမည်။

(ခ) မူလတင်သွင်းစဉ်က သွင်းကုန် ကုန်ပါစာရင်းချုပ်တွင်လည်းကောင်း၊ ပြန်လည်တင်ပို့ရာတွင် ထုတ်ကုန် ကုန်ပါစာရင်းချုပ်တွင်လည်းကောင်း ပါဝင်သည့် ပစ္စည်းဖြစ်ရမည်။

(ဂ) ပြန်လည်တင်ပို့ချိန်တွင် တင်ပို့သည့် ကုန်ပစ္စည်း၏ တန်ဖိုးသည် ယင်းကုန်ပစ္စည်းအတွက် ပြန်ထုတ်ပေးရမည့် ပြန်လျှော့အကောက်ခွန် ငွေပမာဏထက် မလျော့နည်းစေရ။

(ဃ) မူလတင်သွင်းစဉ်က ပြန်လျှော့အကောက်ခွန်စနစ် (Drawback) ဖြင့်တင်သွင်းခွင့်လျှောက်ထားခြင်း မပြုခဲ့လျှင်သော်လည်းကောင်း၊ ကုန်ပစ္စည်းများပြန်လည်တင်ပို့သည့်အချိန်၌ ပြန်လျှော့အကောက်ခွန်တောင်းဆိုခြင်းနှင့်ခွင့်ပြုချက်ရယူခြင်းမပြုလုပ်ခဲ့လျှင်သော်လည်းကောင်း ပြန်လျှော့အကောက်ခွန်ကို ခွင့်ပြုမည်မဟုတ်ပါ ။

(င) ထုတ်ကုန်ကြေငြာလွှာ မှတ်ပုံတင်သည့်နေ့မှစ၍ (၆)လအတွင်း ပြန်လျှော့အကောက်ခွန် ပြန်လည်ထုတ်ပေးရန် တောင်းခံနိုင်သည်။ (၆)လကျော်လွန်ပြီးမှ တောင်းခံလာပါက ခွင့်ပြုမည်မဟုတ်ပါ။

(စ) ပြန်လျှော့အကောက်ခွန်တောင်းခံသူ သို့မဟုတ် ကုန်ပစ္စည်းပိုင်ရှင်သည်-

(၁) ကုန်ပစ္စည်းများကို အမှန်တကယ် ပြည်ပသို့ ပြန်လည်တင်ပို့ပြီးဖြစ်ရမည်။

(၂) အရေးပေါ်ကိစ္စမှတစ်ပါး ကုန်တင်သည့်ဆိပ်ကမ်း သို့မဟုတ် ပြည်တွင်းအခြား အကောက်ခွန်ဆိပ်ကမ်းတစ်ခုခုတွင် ကုန်ပစ္စည်းကို ပြန်လည်ချထားခြင်းမပြုလုပ်ရ။

(၃) ပြန်လျော့အကောက်ခွန် အမှန်တကယ်ခံစားခွင့်ရှိသူ ဖြစ်ကြောင်းကိုယ်တိုင်ကတိဝန်ခံချက်ဖြင့် လျှောက်ထားရမည်။

၉။ ပြန်လျော့အကောက်ခွန်ပြန်အမ်းရန် စည်းကမ်းချက်များနှင့် ကိုက်ညီပါက ပေးဆောင်ထားခဲ့သည့် အကောက်ခွန်၏ ၈ ပုံ ၇ပုံကို ပြန်လည်ထုတ်ပေးရမည်။

**အခန်း(၅)**

**အထွေထွေ**

၁၀။ ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းလာသော ပစ္စည်းများကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်း မပြုဘဲ ပြည်တွင်းသုံးစွဲရန် လျှောက်ထားလာပါက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

၁၁။ အစိုးရဌာနများ / နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက အထူးကိစ္စအနေဖြင့် ယာဉ်၊ စက်ကိရိယာနှင့်ပစ္စည်းများကို ပြန်လျော့အကောက်ခွန်စနစ် (Drawback) ဖြင့် တင်သွင်းမည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၂။ ဤအမိန့်ကြော်ငြာစာပါ ပြန်လျော့အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုပါက ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၁)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ဝင်းရှိန်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ဘဏ္ဍာ-၁/၃/၂-၂(၁၅၈၄/၂၀၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာနရှိဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး
သက်ဆိုင်ရာပုဂ္ဂိုလ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး